**ASIA WORLD FOUNDATION**

**Press Release**

# တတိယအကြိမ်မြောက် အသက် ၂၃ နှစ်အောက် အာရှအမျိုးသား ဘော်လီဘောပြိုင်ပွဲ စတင်ကျင်းပ

- အေးရှားဝေါလ်ဖောင်ဒေးရှင်းမှ ဂုဏ်ယူစွာဖြင့် အဓိကကူညီပံ့ပိုး
- မြန်မာအသင်း အုပ်စု (က) တွင် သီရိလင်္ကာ၊ ဩစတေးလျ၊ ဟောင်ကောင်အသင်းတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ကစားမည်။

**နေပြည်တော် - ဩဂုတ်လ ၃ ရက်၊ ၂၀၁၉ ခုနှစ် -** အေးရှားဝေါလ်ကုမ္ပဏီမှ ဖွဲ့စည်းတည်ထောင်ထားသော ပြည်သူ့အကျိုးပြုအဖွဲ့အစည်းဖြစ်သည့် အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတစ်ဝန်းကောင်းမွန်သော လူမှုအဖွဲ့အစည်းတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိရာ တတိယအကြိမ်မြောက် "အေးရှားဝေါလ်ဖောင်ဒေးရှင်း" အသက် ၂၃ နှစ်အောက် အာရှအမျိုးသား ဘော်လီဘောပြိုင်ပွဲအား အေးရှားဝေါလ်ဖောင်ဒေးရှင်းနှင့် အတူ အေးရှားဝေါလ်ကုမ္ပဏီအုပ်စု၏ ယူနစ်များဖြစ်ကြသည့် Yangon Aerodrome Company Limited ("**YACL**") ၊ Pioneer Aerodrome Services ("**PAS**") ၊ Global World Insurance ("**GWI**") ၊ Horizon Lake View Resort နှင့် မြတ်တော်ဝင်ဟိုတယ်တို့မှ အဓိကပံ့ပိုးသူများအဖြစ် ဂုဏ်ယူဝမ်းမြောက်စွာ လက်ခံကျင်းပပေးလျက်ရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့မှ ကြီးမှူးကျင်းပသည့် အဆိုပါ ဘော်လီဘောပြိုင်ပွဲကို မြန်မာနိုင်ငံ၊ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ မိုးလုံလေလုံအားကစားကွင်းတွင် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျင်းပလျက်ရှိပါသည်။ ယနေ့နံနက်တွင်ကျင်းပခဲ့သည့်ဖွင့်ပွဲအခမ်းအနားကို ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်မှ တက်ရောက်ချီးမြှင့်ခဲ့ပါသည်။




*တတိယအကြိမ်မြောက် အသက် ၂၃ နှစ်အောက် အာရှအမျိုးသား ဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းတို့ ယှဉ်ပြိုင်ကစားနေကြစဉ်*

**နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ဘော်လီဘောအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကစားမည်။**

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နိုင်ငံများအဖြစ် ဩစတေးလျ၊ ဘာရိန်း၊ တရုတ်၊ တရုတ် (တိုင်ပေ)၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်၊ ကာဇက်စတန်၊ မြန်မာ၊ နယူးဇီလန်၊ ပါကစ္စတန်၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ သီရိလင်္ကာ၊ ဗီယက်နမ်နှင့် ထိုင်း စသည့် အသင်းပေါင်း (၁၆) သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ပါသည်။

အုပ်စုမဲခွဲဆုံးဖြတ်ချက်များအရ အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်းက သီရိလင်္ကာ၊ ဩစတေးလျ၊ ဟောင်ကောင် အသင်းများနှင့်အတူ အုပ်စု (က) တွင်လည်းကောင်း၊ ဂျပန်၊ ကာဇက်စတန်၊ ဆော်ဒီအာရေဗျ၊ ဗီယက်နမ်အသင်းများမှ အုပ်စု (ခ) တွင်လည်းကောင်း၊ တရုတ် (တိုင်ပေ)၊ ပါကစ္စတန်၊ ကာတာ၊ ဘာရိန်းအသင်းများမှ အုပ်စု (ဂ) တွင် လည်းကောင်း၊ ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ နယူးဇီလန်အသင်းများမှ အုပ်စု (ဃ) တွင်လည်းကောင်း အသီးသီးပါဝင်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ပါသည်။

ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် မှ " ယခုကျင်းပမယ့် အာရှကလပ် အမျိုးသား ဘော်လီဘောပြိုင်ပွဲက နိုင်ငံတွင်း ဒေသတွင်း ဘော်လီဘော အားကစားအပေါ် စိတ်ပါဝင်စားမှုကို ပိုမို မြင့်တက်လာစေမှာဖြစ်ပြီး အဆိုပါ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေဖို့ အရေးပါတဲ့ အခန်းကဏ္ဍတစ်ရပ် ဖြစ်လာပါလိမ့်မယ်။ အခုကျင်းပနေတဲ့ပြိုင်ပွဲဟာ စိတ်လှုပ်ရှားဖွယ်ရာအပြည့်၊ ပြိုင်ပွဲအနှစ်သာရအပြည့်ဖြင့်

မမေ့နိုင်စရာ ပြိုင်ပွဲတစ်ခုဖြစ်လာလိမ့်မယ်လို့ အခိုင်အမာယုံကြည်ပါတယ်။ ပြိုင်ပွဲဝင်အားကစားသမား အချင်းချင်း ကောင်းမွန်သော ဆက်ဆံရေးဖြစ်စေရုံသာမက ပြိုင်ပွဲနိုင်ငံများအချင်းချင်း ခိုင်မာတဲ့ ဆက်ဆံရေး တည်ဆောက်နိုင်ဖို့ အရေးပါတဲ့ အထောက်အပံ့တစ်ခု ဖြစ်ပါလိမ့်မယ်" ဟု ပြောကြားခဲ့ပါသည်။

တတိယအကြိမ်မြောက် အသက် ၂၃ နှစ်အောက် အာရှအမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် မြန်မာအသင်းအား အကောင်းဆုံးယှဉ်ပြိုင်ကစားနိုင်ပါစေကြောင်း အေးရှားဝေါလ်ဖောင်ဒေးရှင်းမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

-- END –

**အေးရှားဝေါလ်ဖောင်ဒေးရှင်းအကြောင်း**

အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် အေးရှားဝေါလ်ကုမ္ပဏီ၏ ပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံသားများအတွက် ကောင်းမွန်ပြည့်စုံသော လူနေမှုဘဝရရှိရေးကိုဖော်ဆောင်သော စီမံကိန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရန် သံဓိဋ္ဌာန်ချမှတ်ထားပြီး အေးရှားဝေါလ်ကုမ္ပဏီစတင်တည်ထောင်ခဲ့သည့်အချိန်မှစ၍ လူထုအကျိုးပြုပရဟိတလုပ်ငန်းများဆောင်ရွက်ရာတွင် တက်ကြွစွာ ပါဝင်ပံ့ပိုးလျက်ရှိရာ ပညာရေး၊ သဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအစရှိသည့် ကဏ္ဍများစွာတွင် လှူဒါန်းမှုများ ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာကြီးနှင့် ကူးလူးဆက်သွယ်ရာလမ်းကြောင်းများ ဖွင့်လိုက်သည့်အားလျော်စွာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက် အခွင့်အလမ်းသစ်များစွာလည်း ပေါ်ပေါက်လာပါသည်။ မြန်မာနိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍတိုးတက်မှုသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည့်အားလျော်စွာ အေးရှားဝေါလ်ဖောင်ဒေးရှင်းအနေဖြင့် ပညာရေးကဏ္ဍတိုးတက်ရေးလုပ်ငန်းများကိုလည်း အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါသည်။

အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ အင္ဂူမော်နှင့် မောင်တောကို ဆက်သွယ်ပေးသော ၅၄ ကီလိုမီတာရှိ ကွန်ကရစ်လမ်းသစ်ကို မကြာသေးမီကာလကပင် လှူဒါန်းဖောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါလမ်းသစ်သည် ရခိုင်ပြည်နယ်တွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။

ပြည်သူများ၏ လူနေမှုဘဝများ၊ မိသားစုများနှင့် လူမှုအဖွဲ့အစည်းများအပေါ်တွင် ကောင်းမွန်သော အကျိုးသက်ရောက်မှုများဖြစ်ပေါ်စေရန် ထိရောက်သော ပံ့ပိုးကူညီမှုများပြုလုပ်ပေးခြင်းသည် အေးရှားဝေါလ်ဖောင်ဒေရှင်း၏ ရည်ရွယ်ချက်ပင်ဖြစ်ပါသည်။